SYNERGY
Publications

# သကြတန့်ချိုင

ခိုင်ခိုင်းဇေနု

မေတ္တာဖြင့်
ချည်နှောင်ခြင်းနှင့်
ရှင်ဘုရင်တစ်ပါး၏
အချစ်ပုံပြင်



# စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာ

'ကျွန်မကလေးကို ကြည့်လို့ ရမလားဟင်...'

ပျော်ရွှင်နေတဲ့ မိခင်ကမေးတယ်။ ကလေးကို ပတ်ထားတဲ့ အနှီး ထုပ်ကို သူမရဲ့ လက်ထဲ လွှဲပြောင်းယူလိုက်ပြီး ကလေးငယ်ရဲ့ မျက်နှာကို ကြည့်ဖို့ အနှီးစကို ဖယ်လိုက်တယ်။

'အို ...'

သူမ ထိတ်လန့်အံ့သြသွားခဲ့တယ်။ ဆရာဝန်က အနောက်ကို လှည့်လိုက်ပြီး ဆေးရုံပြတင်းတံခါးကို ငေးကြည့်နေခဲ့တယ်။ ကလေးငယ်လေးဟာ နားရွက်မပါဘဲ မွေးဖွားလာခဲ့ရတယ်။

အချိန်တွေက သက်သေပြလိုက်တာကတော့ ကလေးငယ်လေး ဟာ အားလုံးကို ကောင်းကောင်း ကြားနိုင်စွမ်းရှိခဲ့တယ်။ ရုပ်ဆိုးနေတဲ့ တစ်ခုတည်းသော အရာကတော့ နားရွက်မပါလာတာပါပဲ။

တစ်နေ့မှာ သူ ကျောင်းက အိမ်ကိုပြန်လာတဲ့ အခါ မိခင်က သားငယ်ကို ထွေးပွေ့ ကြိုတယ်။ ကောင်လေးက မိခင်လက်ကို တွန်းထုတ် ခဲ့တယ်။ မိခင်ဖြစ်သူက သက်ပြင်းချလိုက်ပြီး သားငယ်ရဲ့ နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်တွေ ရှိနေပြီဆိုတာ သိလိုက်ရတယ်။

ကောင်လေးက ကံဆိုးမိုးမှောင်ကျနေသလို ရှေ့နောက်မစဉ်းစား ဘဲ ပြောလိုက်တယ်။

'လူထူးဆန်း လူထူးဆန်း ကျွန်တော့်ကို အကုန်လုံး ငကြောင် တစ်ကောင်လို၊ သရဲတစ်ကောင်လို၊ လူထူးဆန်းလိုလို ခေါ်ကြတယ်'

ကောင်လေး တဖြည်းဖြည်း အရွယ်ရောက်လာပါပြီ။ ချို့ယွင်းချက်လေး တစ်ခုက လွဲလို့ ယောကျ်ားပီပီသသနဲ့ ကြည့်ကောင်းတဲ့ လူ တစ်ယောက်ဖြစ်ခဲ့တယ်။  အတန်းထဲမှာ ကျောင်းသားခေါင်းဆောင်ဖြစ်နိုင်ပေမယ့် ချို့ယွင်းချက်ကြောင့် မဖြစ်ခဲ့ရဘူး။ အရွယ်ရောက်လာတဲ့ ကောင် လေးဟာ ဂီတနဲ့ စာပေကို ဝါသနာပါခဲ့တယ်။

'သား ... မင်း တခြားလူတွေနဲ့ ရောရောနှောနှောနေရမယ်လေ' လို့ မိခင်က သူ့ကို အားပေးစကားပြောတယ်။ မိခင်ရဲ့ ရင်ထဲမှာ တော့ သားငယ်အတွက် စိတ်မကောင်းခြင်း များ စွာနဲ့ ပေါ့။

ကောင်လေးရဲ့ ဖခင်က မိသားစု ဆရာဝန်နဲ့ တိုင်ပင်ခဲ့တယ်။

'ဆရာ ... ကျွန်တော်တို့ သားကို ဘာမှ မလုပ်ပေးနိုင်ဘူးလား' 'ကျွန်တော် ယုံကြည်ပါတယ်။ ရနိုင်မယ်ဆိုရင် သူ့အတွက် အဆင်ပြေမယ်ဆိုရင် အပြင်နား တစ်စုံနဲ့ အစားထိုးပေးနိုင်ပါတယ်'လို့ ဆရာဝန်က ဆုံးဖြတ်ခဲ့တယ်။

ဒီလိုနဲ့ ကောင်လေးရဲ့ လစ်ဟာနေတဲ့ နားရွက်နေရာမှာ အစား ထိုးဖို့ နားရွက်အဆုံးခံနိုင်တဲ့ လူတစ်ဦးကို စတင်ရှာဖွေခဲ့ကြတယ် ။

နှစ်နှစ်ခန့်ကြာပြီးနောက် ...

'သား ... မင်း ဆေးရုံကို သွားရမယ်။ အဖေနဲ့ အမေက သား အတွက် နားရွက်လှူမယ့် လူတစ်ယောက်ကို ရှာတွေ့ ပြီ။ ဒါပေမဲ့ ဒါဟာ လျို့ဝှက်ချက်ပဲ'လို့ ဖခင်က ပြောတယ် ။

ခွဲစိတ်ကုသမှုက ၁၀၀ ရာခိုင်နှုန်း အောင်မြင်ခဲ့တယ်။ ပြီးတော့ ချော

မောခန့်ညားတဲ့ လူသစ်တစ်ယောက် ထွက်ပေါ်လာခဲ့တယ်။ သူ့ရဲ့ ပင်ကို စွမ်းရည်နဲ့ သူ့ရဲ့ ပါရမီကြောင့် ကျောင်းမှာ လည်း သူဟာ ကျော်ကြား အောင်မြင်လာခဲ့တယ်။ နောက်ပိုင်းမှာ သူဟာ အိမ်ထောင်ကျပြီး သံတမ န် အလုပ်ကို ရခဲ့တယ်။

'ဒါပေမဲ့ ကျွန်တော် သိရမှ ဖြစ်မယ်'

ကောင်လေးက သူ့ဖခင်ကို တောင်းဆိုခဲ့တယ်။

'ကျွန်တော့်အတွက် နားရွက်လှူခဲ့တာ ဘယ်သူလဲ။ ကျွန်တော် သူ့အ တွက် ဘာမှ ပြန်မလုပ်ပေးရသေးဘူး'

'သားပြန်လုပ်ပေးနိုင်မယ်လို့ အဖေမထင်ဘူး '

သူ့ဖခင်က ပြောခဲ့တယ်။

'ဒါပေမဲ့ အဖေတို့ ကတိမှာ သားကို ပေးမသိရဘူးဆိုတာ ပါ တယ်။ မဖြစ်နိုင်ပါဘူး။ မမေးပါနဲ့ '

ဒီလိုနဲ့ နှစ်တွေ များ စွာကြာအောင် ဒါဟာ လျှို့ဝှက်ချက်တစ်ခု အနေ နဲ့ ရှိနေခဲ့တယ်။ ဒါပေမဲ့ ရက်တစ်ရက်ကတော့ ရောက်ရှိလာခဲ့ပါပြီ။ မှောင်မိုက်တဲ့ ရက်တွေ အားလုံး ကောင်လေးက ကြံ့ကြံ့ခံခဲ့တယ်။ ကော င် လေးဟာ သူ့ဖခင်နဲ့ အတူ သူ့မိခင်ရဲ့ ခေါင်းတလားရှေ့မှာ ရပ်နေခဲ့တ ယ်။ ဖခင်က ဖြည်းဖြည်းချင်း ညင်ညင်သာသာလေး လက်ကိုမြှောက် ကာ ထူထဲပြီး နီညိုရောင်သမ်းနေတဲ့ သူ့ဇနီးသည် ရဲ့ ဆံပင်တွေကို ဖယ်ပြလိုက် တဲ့ အခါ နားရွက်တွေ ရှိမနေပါဘူး။

'အမေကပြောတယ်။ သူ့ဆံပင်တွေ ဘယ်တော့မှ မညှပ်တော့ ဘူးတဲ့ ။ အဲဒါကို သူဝမ်းသာတယ်တဲ့ '

ကောင်လေးက ဆို့နင့်စွာပြောတယ်။

'ပြီးတော့ ဘယ်သူကမှ အမေ့အလှ လျော့သွားတယ်လို့ မတွေး ခဲ့ကြဘူး'

ကောင်လေးရဲ့ ပါးပြင်မှာ မျက်ရည်တွေ စီးကျ လာပြီး ခေါင်းငိုက် စိုက်ချ ငိုကြွေးခဲ့ပါတော့တယ်။

စစ်မှန်တဲ့ အလှတရားဆိုတာ ခန္ဓာကိုယ် အသွင်သဏ္ဌာန်ပေါ် မူတည်နေတာ မဟုတ်ပါဘူး။ နှလုံးသားထဲမှာ တည်ရှိနေတာဖြစ်တယ်။ ပကတိအသွင် သဏ္ဌာန်တွေက စစ်မှန်တဲ့ တန်ဖိုးဆိုတာကို မပေးနိုင်သလို မြင်လည်း မမြင်နိုင်ဘူး။ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဟာလည်း အဖြူရောင် မှသားတွေ ရှိကောင်းရှိပေမယ့် လေးနက်တဲ့ မေတ္တာ၊ အေးချမ်းတဲ့ မေတ္တာ တရားဖြစ်တဲ့ အတွက် ထာဝစဉ်လှပ တန်ဖိုးရှိနေမှာ ဖြစ်ပါတယ်။

**သက်တန့်ချို**

The baby without ears အား ဘာသာပြန်သည် ။

*

## မေတ္တာဖြင့် ချည်နှောင်ခြင်း

မနက်လေးနာရီထိုးသည် နှင့် ရွာဦးကျောင်းမှ အုန်းမောင်း ခေါက်သံက အချိန်မှန် ထွက်ပေါ်လာခဲ့တယ်။ တောရွာတို့ ရဲ့ ဓလေ့ထုံးစံအတိုင်း မနက်ဆွမ်းထချက်ဖို့ အတွက် အိမ်အသီးသီးမှ မှန်အိမ်မီးလေးတွေလည်း လင်းလာခဲ့တယ်။ တိတ်ဆိတ်ပြီး ငြိမ်သက်လှတဲ့ တောဓလေ့အတိုင်း အရာအားလုံးဟာ အေးအေးချမ်းချမ်းရှိလှပါတယ်။

'ဟဲ့ ... မင်းဒင်၊ ထတော့ဟဲ့ ... အုန်းမောင်းခေါက်နေပြီ။ နင် ပိုက်ပြင်စရာ ရှိသေးတယ် မဟုတ်လား'

'အင်းပါ အမေရဲ့ ... ကျွန်တော် နိုးနေပါပြီ ... မျက်နှာတောင် သစ်ပြီးပေါ့ '

'အေး ... အေး ...'

မင်းဒင်နဲ့ သူ့အမေတို့ ပြောသံများက တစ်ရွာလုံးအတွက်တော့ နေ့စဉ်ကြားနေကြ သံစဉ်တစ်ပုဒ်နှယ်... မင်းဒင်က ပြောပြောဆိုဆို မီးဖိုချောင်ထဲဝင်ပြီး မနေ့က ကျန်တဲ့ ထမင်းကြမ်းခဲကို ဇလုံထဲ သွန်ချလိုက်တယ်။ ပြီးတော့ ငါးဟင်းအကျန်ကို ဇလုံထဲ မှောက်ချလိုက်ပြီး အားရပါးရနယ်ကာ လွေးတော့တယ်။ တောသူတောင်သားတို့ ဓလေ့ အတိုင်း ဒီလို နံနက်ခင်းမှာ အဆာခံဖို့ က ထမင်းကြမ်းသာ အားပြုလေ့ ရှိကြတယ်။

ထမင်းကြမ်းစားပြီးသည် နှင့် ငါးဖမ်းထွက်ဖို့ အတွက် ပိုက်တွေ၊ ထ

မင်းထုပ်၊ ဆေးပေါ့လိပ်၊ မီးခြစ် စသည် တို့ ကို စေ့အောင်စစ်ပြီးသည် နှင့် အိမ်ပေါ်မှ ဆင်းလာခဲ့တယ်။

'အမေရေ ... ကျွန်တော်သွားပြီဗျို့'

'အေး... အေး... သား ... စောစောပြန်ခဲ့နော်'

'ဟုတ်ကဲ့ အမေ'

ထိုစကားသံများ ဆုံးသည် နှင့် မင်းဒင်တစ်ယောက် ပင်လယ် ဘက်ဆီသို့ တရွေ့ရွေ့ ထွက်ခွာသွားသည် ကို မြင်ရပေလိမ့်မယ်။ ဤသည်ကား နေ့စဉ်ပန်းချီကားတစ်ချပ်ပင်။ မင်းဒင်က အသက် ၃၅ နှစ် ခန့်ရှိပြီ။ လူကောင်ထွားထွား၊ မျက်နှာမှာ ငယ်စဉ်က လောကဓံများကြောင့် ရှိရင်းစွဲ အသက်ထက် ပိုရင့်သည် ဟု ထင်ရသယောင်။ အသားက ညိုပြီး ရုတ်တရက်ကြည့်လျှင် လူကြမ်းတစ်ယောက်အသွင်ရှိနေတယ်။ မင်းဒင်က လူမှန်သမားဖြစ်တယ်။ မှန်လွန်းတော့လည်း အချို့သောရပ်ရွာကိစ္စတွေမှာ သူနဲ့ ဘုဂလန့်။ တစ်ခါတုန်းကလည်း ရွာထဲမှာ သာအေးနဲ့ ဂျမ်းဘုံတို့ ရန်ဖြစ်တာကို သူက ကြားထဲကနေ ဝင်ဖြေရင်း တစ်ယောက် တစ်ချက်စီ ဇက်ပိုးအုပ်လိုက်လို့ ဟိုနှစ်ယောက် ဇက်ပုသွားကြတယ်။ ပြီးတော့ ဆန် တစ်ပြည်သွားပေးပြီး ...

'ရော့ ... ကလေးတွေကို ဝဝလင်လင်ချက်ကျွေးလိုက်'တဲ့ ။ အဲဒီလို...။ စိတ်ရင်းကောင်းပေမယ့် ဆက်ဆံပုံကြမ်းတာကြောင့် တစ်ရွာလုံး သူ့ကို ကြောက်ကြရတယ်။ တစ်ခါကလည်း ရွာအပြင် ထန်းတောထဲမှာ ပေါ့။ တစ်ဖက်ရွာမှ မြို့သားတွေ ထန်းရည်တောထဲ ရောက်လာပါတယ်။ မူးမူးရူးရူးနဲ့ မင်းဒင်တို့ ရွာက ကောင်မလေးတွေ ဖြတ်သွားတာကို ...

'ဟေ့... အသည်းလေး လှလှချည်လား။ ကိုယ်တို့ နဲ့ လိုက်ခဲ့ ပါလား'

ဘာညာ အာချောင်မိလို့ မင်းဒင် ထရိုက်လိုက်ရာ သကောင့် သား တွေ ခွေးပြေးဝက်ပြေး ပြေးရပါရောလား။ သူက အဲဒီလိုလည်း သူ့ရပ်ရွာကို ချစ်သေးတယ်။ ကြာလာတော့ သူတို့ ရပ်ရွာမှာ မင်းဒင် ရှေ့ မှာ ဆို တော်ရုံ ရန်မဖြစ်ရဲကြတော့ဘူး။ ရန်ပွဲတွေမှာ မတရားဘူးလို့ ထ င်ရင် ဝင်ပါတတ်သောကြောင့် ထိတ်တုံးစာ မိပေါင်းလည်း များ ပြီ။ တစ် ခါတုန်းကလည်း ရွာက ကျီးမနိုးပွဲမှာ ပေါ့။ ကာလသားများ ထုံးစံအတိုင်း ပျော်ကြပါးကြနဲ့ မင်းဒင် တယုတယမွေးထားတဲ့ ကြက်ဖကြီးကို ခိုးယူသွား တယ်။ ဘာပြော ကောင်းမလဲ။ မင်းဒင်လည်း ဒေါသချောင်းချောင်း ထွက် သွားတာပေါ့။ ငှက်ကြီးတောင်ဓားကြီး ဆွဲပြီး သူ့ကြက်ဖခိုးတဲ့ ကောင်တွေကို ခုတ်မယ် တကဲကဲ လုပ်နေလို့ မန ည်းဝိုင်းတားထားရတယ်။ နောက်တော့ တောင်းတောင်းပန်ပန်နဲ့ ပြန် ပေးလိုက်လို့ ကြေလည်သွားတယ် မှတ်။ သတ်သာ သတ်စားမိလျှင် တော့။ ဟွန်း ... ဘာပြောကောင်းမလဲ။ အဲဒီလို မင်းဒင်က...

မင်းဒင်က လူသာ ကြမ်းကြမ်းတမ်းတမ်း စိတ်က အရမ်းနုတယ်။ သူ တို့ ရွာမှာ အချမ်းသာဆုံးစာရင်းဝင် ငါးဒိုင် ဦးစိန်လှရဲ့ သမီး မိမိုးကို မင်းဒင်ကြီးက ကြိတ်ကြိုက်နေတယ်။ အခြားနေရာမှာ သာ မင်းဒင်က ကြမ်းတာ။ နှလုံးသားရေးရာမှာ တော့ သူက တကယ့်ကို အတွေ့အကြုံ မရှိဘူး။ မိမိုးရှေ့ရောက်ရင် မင်ဒင်တစ်ယောက် ကျားဘဝကနေ ကြော င်ဖြစ်သွားတယ်။ သူက အသက် ၂၀ လောက်ကတည်းက ကြိတ် ကြိုက် လာတာ။ ဖွင့်မပြောရဲလို့ တဲ့ အခု ၃၅ နှစ်ရှိပြီ ။ ဒီတိုင်းပဲ ဒုံရင်းက ဒုံရင်း ။ မိမိုးက မင်းဒင်ကို စိတ်ထဲတောင် မထားဘူး။ ပိုက်ဆံလည်း ရှိတယ်ဆို တော့ မာမာစီးစီးနဲ့ မျက်နှာလည်း အရမ်းများ တယ်။ ဟိုလူ့တွဲ ဒီလူ့တွဲနဲ့ ။ မင်းဒင်က ဘာမှ ဝင်မပြောရှာဘူး။ တစ်နေ့တော့ မိမိုးရဲ့ အဖေကြီး ပိုး ထိလို့ ဆုံးသွားတယ်။ ငါးဒိုင်မှာ ဦးစီးမယ့်လူမရှိတဲ့ အတွက် တစ်လအ

တွင်းမှာ ပဲ မိမိုးတို့ အတော်ဆင်းရဲသွားတယ်။ မိမိုးကတော့ မမှုဘူး။ ဟို လူ့တွဲလိုက် ဒီလူ့တွဲလိုက်နဲ့ ပဲ။ မင်းဒင်ကြီးက စဉ်းစားတယ်။ သူအရဲစွန့်ပြီး ဖွင့်ပြောဖို့ အချိန်တန်ပြီပေါ့။ ဒါနဲ့ မိမိုး ရေခပ်ဆင်းတဲ့ တစ်နေ့မှာ အနားမှာ ရစ်သီ ရစ်သီ သွားလုပ်တယ်။ အနားက အဖော်တွေကလည်း မင်းဒင်ကြီး ပိုးနေမှန်းသိလို့ ရှောင်ပေးကြတယ်။ မင်းဒင်ကလည်း မယောင်မလည်နဲ့ သွားပြီး ...

' မိ... မိမိုး'

'ဘာတုန်း'

ဟိုက ဘုဆတ်ဆတ် ပြန်အော်လိုက်တော့ မင်းဒင်က ခြေဖျား လက်ဖျားတွေ တုန်သွားတယ်။

'ဟို...ဟို... ငါ နင့်ကို ပြောစရာရှိလို့ ဟ...'

' ပြော'

'ဟို... ဟို... ငါ နင့်ကိုကြိုက်လို့ ဟ...'

'ဘာ...'

ပြောပြီးတာနဲ့ မိမိုးစကားဆုံးအောင် မစောင့်တော့ဘူး။ ချာခနဲ လှည့်ပြေးတာ မှုန်နေတာပဲ။ နောက်တော့ ရှက်လို့ ဆိုပြီး တစ်ပတ်လောက် အိမ်ထဲက မထွက်ဘဲ မိမိုးကိုရှောင်နေတယ်။ အဲဒီအချိန်မှာ မိမိုးကလည်း စဉ်းစားတယ်။ သူနဲ့ တွဲနေတဲ့ ကောင်တွေက တစ်ကောင်မှ ဖြစ်ဖြစ်မြောက်မြောက် မရှိ။ အရက်သမား၊ ဖဲသမားတွေက အများ သား။ မင်းဒင်ကြီးဆို တစ်သက်လုံးခိုင်းစားလို့ ရသည် ပေါ့။ အဲဒါနဲ့ လက်ခံဖို့ ဆုံးဖြတ်လိုက်တယ်။

တစ်ပတ်ကျော်ပြီးတော့ မင်းဒင်ကြီး မနေနိုင်ပါဘူး။ မိမိုးတို့ အိမ်ရှေ့

နား မယောင်မလည်သွားလုပ်နေတယ်။ မိမိုးက အိမ်ပေါ်ကနေ လည်း မြင်ရော အိမ်အောက်ဆင်းလာတယ်။ နောက်... မင်းဒင်ကြီးနား လာပြီး ...

'တော် ... ကျုပ်ကိုကြိုက်ရင် အမေ့ဆီ လာတောင်းလှည့်'

တစ်ခွန်းတည်းပြောပြီး ပြန်လှည့်သွားတယ်။ မင်းဒင်ကြီးခမျာ ကျောက်ရုပ်ကြီးလို ကျန်ခဲ့တယ်။ အံ့ဩဝမ်းသာ လွန်းလို့ လေ။ နောက်တော့ ပျော်လွန်းလို့ ခုန်ပေါက်ပြေးသွားတာ ရွာလမ်းတစ်လျှောက်လုံး ဖုန်တလူးလူးနဲ့ ....။

အဲဒီလိုနဲ့ မင်းဒင်ကြီးနဲ့ မိမိုးတို့ အိမ်ထောင်ကျပါတယ်။ မင်းဒင်က အရင်ကထက် အလုပ်ကို ပိုကြိုးစားတယ်။ ရသမျှပိုက်ဆံ မိန်းမကို အပ်တယ်။ သူ့မိန်းမမိမိုးကတော့ နေ့တိုင်း သနပ်ခါးအဖွေးသားနဲ့ ကြော့ကြော့ လေးပဲပေါ့။ ဒါပေမဲ့ ကြာလာတော့ ဇာတိကပြလာတာပါပဲ။ မိမိုးက သူတို့ အရင်က သူရင်းငှား စံလှနဲ့ ကြိတ်ပိုးပြန်ခုတ်နေတယ်။ မင်းဒင်ကြီး လှေထွက်သွားတာနဲ့ စံလှရောက် လာပြီ။ မင်းဒင်ပြန်လာခါနီးမှ သုတ်သုတ် သုတ်သုတ်နဲ့ ပြန်ထွက်သွားတယ်။ ကြာလာတော့ ရပ်ရွာထဲက ကာလသား တွေက မင်းဒင်ကြီးဘက်က နာလာကြတယ်။ ရပ်ရွာနာတယ်လို့ လည်း ထင်လာကြတယ်။ သူတို့ ခမျာလည်း မင်းဒင်ပြန်လာခါနီးဆို စံလှ ထွက် မလာသေးပါလား၊ ဟိုက ပြန်လာတော့မယ်။ သေကုန်တော့မှာ ပဲ ဆိုပြီး စိတ်ပူနေကြရတယ်။ တစ်နေ့မှာတော့ ...

အဲဒီနေ့က မင်းဒင်ကြီး နေမကောင်းလို့ ဆိုပြီး လှေကို အစောကြီး သိမ်းပြီး ပြန်လာတယ်။ မင်းဒင်ကိုလည်း မြင်ရော အားလုံး ထိတ်သွားကြတယ်။ ပြဿနာတော့ ဖြစ်ပြီပေါ့။ နောက် မင်းဒင်ကို အရင် အကျိုး

အကြောင်း သွားပြောပြရင်ကောင်းမယ်ဆိုပြီး တိုင်ပင်ကြတယ်။ ဟုတ်လ ည်း ဟုတ်တယ်လေ။ မင်းဒင်က စိတ်ကြီးတာကိုး။ ကျိန်းသေ သတ်ပွဲဖြစ် မှာ လို့ တွက်ထားကြတယ်။ တချို့မိဘတွေက ကလေးငယ်တွေကိုတောင် အိမ်ပေါ်တက်ခိုင်းထားကြပြီ။ တစ်ရွာလုံးလည်း တိတ်ဆိတ်လို့ ။ နောက် အသက်နည်းနည်းကြီးတဲ့ အဘညိုက သူသွားပြောမယ် ဆိုပြီးထွက်သွားတယ်။ မင်းဒင်နဲ့ လည်း ဆုံရော အဘညိုက ...

'မင်းဒင်'

'ဗျာ ... အဘညို၊ ဘယ်လဲ'

'အေး ... မင်းကိုပြောစရာရှိလို့ ကွ'

'ဟုတ်ကဲ့ ... ပြောလေ အဘညို'

'အေး ... မင်းစိတ်ခိုင်ခိုင်ထားကွာ။ မင်းရဲ့ မိန်းမ မိမိုးက ရွာထဲက စံလှနဲ့ ဖောက်ပြန်နေတယ်ကွ'

အဘညိုက မခံမရပ်နိုင်ပြောတယ်။

'ဗျာ... အာ... ဟုတ်လို့ လား အဘညိုရာ မဖြစ်နိုင်ပါဘူး'

'အေး ... မင်းမယုံရင် လိုက်ကြည့်၊ မင်းအိမ်မှာ အခုသူတို့ ရှိတယ်'

အဘညိုစကားလည်း ဆုံးရော မင်းဒင်တစ်ယောက် ခြေလှမ်းကျဲကြီးတွေနဲ့ သူ့အိမ်ဆီ လျှောက်သွားတယ်။ တစ်ရွာလုံးကလည်း ဘုရားတကုန်ကြတယ်။ ကာလသားတွေနဲ့ အဘညိုလည်း ဝိုင်းဆွဲဖို့ မင်းဒင်နောက်က လိုက်သွားကြတယ်။ နောက် မင်းဒင်က သူ့အိမ်လည်း ရောက်ရော အိမ်ပေါ်တန်းတက်သွားတယ်။ အခန်းထဲမှာ သူ့ရဲ့ ချစ်လှစွာသော မိမိုးနဲ့ စံလှကို သွားတွေ့တယ်။ မိမိုးလည်း မင်းဒင်ကို ကြည့်ပြီး ကြက်သေ သေသွားတယ်။

'ဟို… ဟို… ကိုမင်းဒင်'

နောက် ဘာမပြော ညာမပြောနဲ့ ငိုချပါလေရော။ မင်းဒင်ကြီးက မိမိုးကို တွေတွေကြီး စိုက်ကြည့်နေတယ်။ ထူးဆန်းတာက မင်းဒင်ကြီး မျက်နှာမှာ ဒေါသဖြစ်တဲ့ အရိပ်အယောင် လုံးဝ မတွေ့ရဘူး။ မိမိုးက …

'ကိုမင်းဒင် ကျွန်မကို ကွာရှင်းပေးပါတော့။ ကျွန်… ကျွန်မကို ခွင့်လွှတ်ပါ'တဲ့ ။

'အေး …'

မင်းဒင်ကြီးက တစ်ခွန်းတည်းပြောပြီး အိမ်ပေါ်က ချာခနဲ လှည့် ဆင်းသွားတယ်။ နောက်တော့ ရွာဦးစေတီဘက်ကို ထွက်သွားတယ်။ တစ်ညလုံးလည်း ပြန်မလာတော့ဘူး။ တွေ့တဲ့ သူတွေကတော့ မင်းဒင်ကြီး ရွာဦးစေတီ အစွန်းမှာ ငူငူကြီး ထိုင်နေတယ်တဲ့ ။

နောက်တစ်နေ့ သူကြီးအိမ်မှာ မင်းဒင်ရယ်၊ မိမိုးရယ်၊ စံလှရယ် သုံးဦး တွေ့ ကြတယ်။ စာချုပ်လေးပေါ်မှာ မင်းဒင်ကြီးက တည်တည် ငြိမ်ငြိမ်ပဲ လက်မှတ်ထိုးပေးတယ်။ မိမိုးကတော့ တရှုပ်ရှုပ်ပေါ့။ တစ်ရွာလုံးကတော့ မိမိုးရော စံလှကိုပါ သတ်ချင်နေကြတယ်။ နောက် မိမိုးက မင်းဒင်ကြီး ဆင်ထားတဲ့ နားကပ်နဲ့ ဆွဲကြိုးကို ဖြုတ်ပေးတယ် ။ မင်းဒင်က

'နင်ယူထားလိုက်ပါမိမိုး။ နင်တို့ နှစ်ယောက် ရင်းနှီးစားလို့ ရတာပေါ့'တဲ့ ။

အိခနဲ မိမိုးက ငိုပါတယ်။ နောက်

'ကိုမင်းဒင်ကို ကန်တော့သွားပါရစေ'

ဆိုပြီး မင်းဒင်ကြီးကို ထိုင်ကန်တော့ပါတယ်။ ကန်တော့ပြီးတော့ လမ်းခွဲခါနီးအချိန်ပေါ့။ ရပ်ကြည့်နေတဲ့ ရွာသားအကုန်လုံးကလည်း ကမ္ဘာ

ပေါ်မှာ အဆွေးမြည့်ဆုံးဇာတ်လမ်းတစ်ပုဒ်ကို ကြည့်နေရသလို ဆို့နင့် နင့်နဲ့ ။ မင်းဒင်ကြီးကို ဝိုင်းပြီး သနားနေကြတယ်။ မင်းဒင်ကြီးကလည်း ကြေကွဲတသတဲ့ မျက်ဝန်းတွေနဲ့ မျက်ရည်တွေ ဝိုင်းလို့ ။ မျက်ရည်တွေ ကျမှာ စိုးလို့ မျက်တောင်လေး တခတ်ခတ်နဲ့ ပေါ့။ နောက် မိမိုး ကျောခိုင်း အထွက်မှာ

'မိမိုး'

မိမိုး ပြန်လှည့်ကြည့်တယ်။

'နင် စံလှနဲ့ မပေါင်းချင်တော့ရင် ငါ့ဆီပြန်လာပါနော်'

'ဟာ...'

မိမိုးက အိခနဲ တစ်ချက်ငိုပြီး မင်းဒင်ကြီး ရင်ခွင်ထဲ ပြေးဝင်လာ တယ်။ အဲဒီမှာ တင် ပွဲကသိမ်းရော။ ဟိုကောင်စံလှ ငိုက်စိုက်ငိုက်စိုက်နဲ့ လှည့်ထွက်သွားတယ်။

အဲဒီနေ့က စပြီး မင်းဒင်နဲ့ မိမိုးတို့ ပြန်ပေါင်းကြတယ်။ မိမိုးက လည်း အနေအထိုင်ပိရိလာတယ်။ တကယ့်ကို ဗိုင်းကောင်းကျောက်ဖိပဲ။ ကြာလာတော့ ခြံခုန်ဖူးတဲ့ သူလို့ တောင် ဘယ်သူမှ မထင်ကြတော့ဘူး။ မင်းဒင်ကြီးအပေါ်လည်း ရိုရိုသေသေဆက်ဆံလာတယ်။ မယားဝတ္တရား ငါးပါးနဲ့ အညီ နေထိုင်လာတယ်။ အခုဆို မင်းဒင်နဲ့ မိမိုးတို့ မှာ ကလေး ငါးယောက်ရနေပါပြီ။ တစ်ရွာလုံးကလည်း ကလေးတွေကို ဝိုင်းချစ်ကြတယ်။ ညနေ နေညိုချိန်ဆို မိမိုးနဲ့ ကလေးငါးယောက်ကို သူတို့ ရဲ့ မင်းဒင် ကြီး ပြန်အလာစောင့်မျှော်နေပုံကို နေ့စဉ်နေ့စဉ် လှပသော ပန်းချီကား အဖြစ် တွေ့ မြင်ရပါတော့တယ်။

**သက်တန့်ချို**

(ည ၁၁း၅၀၊ ၁-၁-၁၀)

*